စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ )

ရက်စွဲ ၊ ၂၁-၂-၂၀၂၂

## မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅။ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၆။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၈ |
| ၇။ | ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၁၂ |
| ၈။ | (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက် | ၁၂ |
| ၉။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၃ |
| ၁၀။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၄ |
| ၁၁။ | နိဂုံး | ၁၆ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။


၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက် အလက်များ အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၁) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို (ဇယား-၁၊ ပုံ-၁) တွေ့ရှိရသည်။

**ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**
**၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (ဖေဖော်ဝါရီလ ၄ ရက်အထိ)**

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ယာယီ) | ၂၀၂၁-၂၀၂၂(Mini Budget) ၄-၂-၂၀၂၂ ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၁၃ | ၁၄၃၇.၂၂၈ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၈၁ | ၃.၆၂ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၃၃၁.၅၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၀၃.၉၅ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၁၂ | ၅၆.၃၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၈၇.၁၉ | ၈၂၂၄.၆၉ | ၃၀၉၁.၅၆ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၂၅၄.၁၅၆ |
| စုစုပေါင်း | | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၈၁.၀၉ | ၁၅၃၃၄.၄၄ | ၅၃၇၈.၄၆ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၁-၂၂ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယား များအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊ မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများ ပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်


၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် (၂,၈၂၈.၁၀) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၃၄.၄၄) သန်းတွင် လယ်ယာထွက်ကုန်အနေဖြင့် (၄,၆၂၄.၃၂) သန်းရှိခဲ့သဖြင့် (ဇယား-၁)၊ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ကြောင်း (ဇယား-၂၊ ပုံ-၂) အရသိရသည်။

## ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ (၄-၂-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၇% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၇% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၄% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၅% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**ပုံ (၂) ။ ၂၀၁၅-၁၆ မှ ၂၀၂၁-၂၂ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်**

၅။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း နိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၅.၉၀) သန်း နှင့် လယ်ယာ ထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၀၃) သန်းတိုးတက် (ဇယား-၁) ရရှိခဲ့သည်။

၆။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ(၁) ရက် မှ ဖေဖော်ဝါရီလ(၄) ရက်ထိ စာရင်းများအရ ပြည်ပ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၅,၃၇၈.၄၆၁) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၄၃၇.၂၃) သန်းထိ (ဇယား-၁) ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုး တွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး ပါဝင်မှုအချိုးမှာ (၂၇)% ထိ တိုးတက်လာခဲ့သည်ကို (ဇယား-၂၊ ပုံ-၂) တွေ့ရှိရပါသည်။

၇။ အစိုးရင်ခံကာလအတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁,၄၃၇.၂၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ (၃.၆၂) သန်း၊ ရေထွက်ပစ္စည်း တင်ပို့မှုမှ ဒေါ်လာ (၃၃၁.၅၇) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်း ဒေါ်လာ(၁,၇၇၂.၄၂) သန်း (ဇယား-၁) ရှိပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၃၃)% ထိရှိလာခဲ့သည်ကို (ဇယား-၂၊ ပုံ-၂) တွေ့ရှိရပါသည်။

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၈။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ(၁) ရက်မှ ဖေဖော်ဝါရီလ(၄) ရက်အထိ အမေရိကန်ဒေါ်လာ (၅,၃၇၈.၄၆၁) သန်း ရှိရာ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၅,၉၂၉.၅၀၅) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၅၅၁.၀၄၄) သန်း/ (၉) % ခန့် (ဇယား-၃) လျော့နည်း ကျဆင်းခဲ့ကြောင်းတွေ့ရသည်။

**ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ**

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၁-၂၀၂၂(၄-၂-၂၀၂၂) | | | ၂၀၂၀-၂၀၂၁(၄-၂-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၁၄၃၇.၂၂၈ | ၁၄၃၇.၂၂၈ | | ၂၀၇၈.၆၂၉ | ၂၀၇၈.၆၂၉ | | -၆၄၁.၄၀၁ | -၆၄၁.၄၀၁ | -၃၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၃.၆၂ | ၃.၆၂ | | ၁၅.၈၅၉ | ၁၅.၈၅၉ | | -၁၂.၂၃၉ | -၁၂.၂၃၉ | -၇၇% |
| ၃ | ရေထွက်ပစ္စည်း | | ၃၃၁.၅၆၈ | ၃၃၁.၅၆၈ | | ၃၂၇.၈၇ | ၃၂၇.၈၇ | | ၃.၆၉၈ | ၃.၆၉၈ | ၁% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | | ၂၀၃.၉၅၂ | ၂၀၃.၉၅၂ | ၂၆.၈၂၂ | ၃၇၃.၇၆၆ | ၄၀၀.၅၈၈ | -၂၆.၈၂၂ | -၁၆၉.၈၁၄ | -၁၉၆.၆၃၆ | -၄၉% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၄၁၂ | ၅၄.၉၆၇ | ၅၆.၃၇၉ | ၁.၁၀၆ | ၅၂.၂၅၄ | ၅၃.၃၆ | ၀.၃၀၆ | ၂.၇၁၃ | ၃.၀၁၉ | ၆% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၀၈၇.၀၂၃ | ၂၀၀၄.၅၃၅ | ၃၀၉၁.၅၅၈ | ၁၀၅၆.၉၂၅ | ၁၈၁၅.၃၄၇ | ၂၈၇၂.၂၇၂ | ၃၀.၀၉၈ | ၁၈၉.၁၈၈ | ၂၁၉.၂၈၆ | ၈% |
| ၇ | အခြား | ၃၁.၀၀၆ | ၂၂၃.၁၅ | ၂၅၄.၁၅၆ | ၂၇.၉ | ၁၅၃.၀၂၇ | ၁၈၀.၉၂၇ | ၃.၁၀၆ | ၇၀.၁၂၃ | ၇၃.၂၂၉ | ၄၀% |
| | **စုစုပေါင်း** | ၁၁၁၉.၄၄၁ | ၄၂၅၉.၀၂ | ၅၃၇၈.၄၆၁ | ၁၁၁၂.၇၅၃ | ၄၈၁၆.၇၅၂ | ၅၉၂၉.၅၀၅ | ၆.၆၈၈ | -၅၅၇.၇၃၂ | -၅၅၁.၀၄၄ | -၉% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**၉။** လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ လျော့နည်းကျဆင်းခဲ့ရာ လယ်ယာထွက်ပို့ကုန်အနေဖြင့် ဒေါ်လာ (၁,၄၃၇.၂၃) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂,၀၇၈.၆၃) သန်းရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၆၄၁.၄၀) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၃.၆၂) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၅.၈၆) သန်းဖြစ်၍ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၁၂.၂၄) သန်းစီ အသီးသီးလျော့နည်းခဲ့ပြီး ရေထွက်ပစ္စည်းတင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၃၃၁.၅၇) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၃၂၇.၈၇) သန်းဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၃.၆၉)သန်း တိုးမြင့်ခဲ့ကြောင်း ဖော်ပြပါ (ဇယား – ၃) အရသိရှိရပါသည်။


၁၀။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင်နှုန်း အနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၂၆.၇၂%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၅.၀၆%) ရှိခဲ့သည့် အတွက် ပါဝင်မှု% အနေဖြင့်(၈)% နှင့် တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၀၇%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၂၇%) ရှိခဲ့သည့် အတွက်ပါဝင်မှု% အနေဖြင့်(၀.၂၀)% လျော့ကျခဲ့သည်ကို (ဇယား ၄၊ ပုံ-၃ နှင့် ပုံ-၄) တွေ့ရှိရသည်။

**ဇယား (၄) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**

ဒေါ်လာသန်း

| ခုနှစ် | လယ်ယာထွက်ပစ္စည်း | တိရစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | စုစုပေါင်း | လယ်ယာထွက်ပစ္စည်း % | လယ်ယာကဏ္ဍတိုးနှုန်း % |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၁-၂၂ (Mini Budget) (၄-၂-၂၀၂၂) | ၁၄၃၇.၂၃ | ၃.၆၂ | ၃၃၁.၅၇ | ၂၀၃.၉၅ | ၅၆.၃၈ | ၃၀၉၁.၅၆ | ၂၅၄.၁၆ | ၅၃၇၈.၄၆ | ၂၆.၇၂% | ၃၃.၀% |
| ၂၀၂၀-၂၁ (၄-၂-၂၀၂၁) | ၂၀၇၈.၆၃ | ၁၅.၈၆ | ၃၂၇.၈၇ | ၄၀၀.၅၉ | ၅၃.၃၆ | ၂၈၇၂.၂၇ | ၁၈၀.၉၃ | ၅၉၂၉.၅၁ | ၃၅.၀၆% | ၄၀.၉% |
| တိုး(+)/ လျော့(-) | -၆၄၁.၄ | -၁၂.၂၄ | ၃.၇ | -၁၉၆.၆၄ | ၃.၀၂ | ၂၁၉.၂၉ | ၇၃.၂၃ | -၅၅၁.၀၄ | -၈% | -၇.၉% |


ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်**

**၁၁။** လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၁၀-၂၀၂၁ မှ ၄-၂-၂၀၂၂) ရက်ထိ ဒေါ်လာ(၁,၇၇၂.၄၂) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂,၄၂၂.၅၄) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၆၄၉.၈၄) သန်းခန့် လျော့နည်းတင်ပို့ခဲ့ပြီး၊ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၃၃)% ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၄၁%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၈)% ခန့် လျော့နည်းခဲ့သည်ကို (ဇယား-၄) တွေ့ရှိရသည်။




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၀၂၁-၂၂ (၄-၂-၂၀၂၂) ထိ ၂၀၂၀-၂၁(၄-၂-၂၀၂၁) ထိ

**ပုံ (၄)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ်ပြဂရပ်**

# လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၂။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှ ဒေါ်လာ (၃၂၂.၂၆) သန်း၊ ပဲတင်ပို့မှုမှ ဒေါ်လာ (၄၁၈.၈၂) သန်း၊ ပြောင်းတင်ပို့မှုမှ ဒေါ်လာ (၁၉၀.၅၆) သန်း၊ နှမ်းတင်ပို့မှုမှ ဒေါ်လာ (၁၆၄.၉၉) သန်း နှင့် ရာဘာတင်ပို့မှုမှ ဒေါ်လာ (၁၇၁.၈၅၈) သန်း အသီးသီးရရှိထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ ဒေါ်လာ (၁၆၈.၇၄) သန်း ရရှိထားကြောင်း (ဇယား-၅၊ ပုံ-၅) သိရှိရသည်။

**ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား**

**ဒေါ်လာသန်း**

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြေီမှ မတ်) | ၂၀၁၇-၁၈ (ပြေီမှ မတ်) | ၂၀၁၈(Mini Budget) (ပြေီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ (၄-၂-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၆၉ | ၇၉၄.၃၈ | ၇၀၀.၁၃ | ၃၂၂.၂၆ |
| ၂ | ပဲအမျိုးမျိုး | ၁၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁၀၂၆.၃၁ | ၁၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၄၁၈.၈၂ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၁၉၀.၅၆ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၆၄.၉၉ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၁၇၁.၈၅၈ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇၄ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၁၆၈.၇၄၄ |
| | **စုစုပေါင်း** | **၂၉၂၈.၁၀** | **၃၀၈၇.၁၃** | **၁၂၇၈.၇၆** | **၃၂၆၁.၅၉** | **၃၇၂၅.၇** | **၄,၆၂၄.၁၃** | **၁၄၃၇.၂၃** |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**ပုံ (၅)။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်**

## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၃။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၁) မှ (၄-၂-၂၀၂၂) ထိ အဓိကလယ်ယာထွက်ကုန်အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၈%)တိုးတက်ခဲ့သော်လည်း တန်ဖိုးအနေဖြင့် (၉%)လျော့နည်းခဲ့သည်။ ပြောင်း အနေဖြင့် တန်ချိန် (၁၀%) နှင့် တန်ဖိုး(၂၉%) တိုးတက်ခဲ့သည်ကိုတွေ့ရသည်။ နှမ်းအနေဖြင့် တန်ချိန် (၃၀%) နှင့် တန်ဖိုး (၃၄%)၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၁၄%) နှင့် တန်ဖိုး (၁၇%)နှင့် ပဲအမျိုးမျိုးတွင် တန်ချိန် (၂၁%) နှင့် တန်ဖိုး (၂၆%) စီ အသီးသီးလျော့နည်းခဲ့ကြောင်း တစ်ဖက်ဖော်ပြပါ အချက်အလက်များအရ (ဇယား-၆၊ ပုံ-၆ နှင့် ပုံ-၇) သိရှိရသည်။


လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊ DOP, MOALI

# ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း


| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ(၄-၂-၂၀၂၂ ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၁၇၇၂.၄၂ | ၂၄၂၂.၃၆ | (၆၄၉.၉၄) | -၂၇% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁,၄၃၇.၂၃ | ၂,၀၇၈.၆၂၉ | (၆၄၁.၄၀) | -၃၁% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၃၂၂.၂၅၅ | ၃၅၃.၇၆၄ | (၃၁.၅၁) | -၉% |
| | | တန်ချိန် | ၁,၀၀၇,၇၉၆.၀၆ | ၉၃၅,၃၆၀.၃၂၆ | ၇၂,၄၃၅.၇၃ | ၈% |
| | (က) ဆန် | US$ | ၂၁၇.၅၉၄ | ၂၂၅.၄၉ | (၇.၉၀) | -၄% |
| | | တန်ချိန် | ၆၆၁,၁၇၅.၂၁ | ၅၆၁,၇၇၈.၅၇ | ၉၉,၃၉၆.၆၄ | ၁၈% |
| | (ခ) ဆန်ကွဲ | US$ | ၁၀၄.၆၆၁ | ၁၂၈.၂၇၄ | (၂၃.၆၁) | -၁၈% |
| | | တန်ချိန် | ၃၄၆,၆၂၀.၈၅ | ၃၇၃,၅၈၁.၇၆ | (၂၆,၉၆၀.၉၁) | -၇% |
| ၂ | ပဲအမျိုးမျိုး | US$ | ၄၁၈.၈၁၅ | ၅၆၅.၈၇၆ | (၁၄၇.၀၆) | -၂၆% |
| | | တန်ချိန် | ၅၂၃,၉၇၂.၉၀ | ၆၆၇,၀၈၂.၃၇ | (၁၄၃,၁၀၉.၄၇) | -၂၁% |
| ၃ | ပြောင်း | US$ | ၁၉၀.၅၆ | ၁၄၇.၈၇၅ | ၄၂.၆၉ | ၂၉% |
| | | တန်ချိန် | ၈၁၈,၈၈၅.၇၅ | ၇၄၃,၈၉၉.၀၉ | ၇၄,၉၈၆.၆၇ | ၁၀% |
| ၄ | နှမ်း | US$ | ၁၆၄.၉၉၂ | ၂၄၉.၀၅၂ | (၈၄.၀၆) | -၃၄% |
| | | တန်ချိန် | ၁၂၇,၀၄၂.၉၈ | ၁၈၂,၅၇၃.၄၄ | (၅၅,၅၃၀.၄၆) | -၃၀% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၇၁.၈၅၈ | ၂၀၆.၃ | (၃၄.၄၄) | -၁၇% |
| | | တန်ချိန် | ၁၁၆,၅၀၄.၇၆ | ၁၃၅,၉၃၇.၆၈ | (၁၉,၄၃၂.၉၂) | -၁၄% |
| ၆ | အခြားသီးနှံ | US$ | ၁၆၈.၇၄ | ၅၅၅.၇၆ | (၃၈၇.၀၂) | -၇၀% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၃.၆၂ | ၁၅.၈၆ | (၁၂.၂၄) | -၇၇% |
| ရေထွက်ပစ္စည်း | | US$ | ၃၃၁.၅၇ | ၃၂၇.၈၇ | ၃.၆၉၈ | ၁.၁% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် မတ်ပဲမှာ တန်ချိန် (၂၂၉,၅၁၆.၉၈)၊ တန်ဖိုးဒေါ်လာ (၁၈၈.၁၈) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ပဲတီစိမ်းမှာ တန်ချိန် (၁၄၇,၁၆၅.၉၁)၊ တန်ဖိုးဒေါ်လာ (၁၁၈.၆၇) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ပဲစဉ်းငုံမှာ တန်ချိန် (၆၁,၉၂၂.၀၁)ဖြင့် တန်ဖိုးအားဖြင့် တန်ဖိုးဒေါ်လာ (၄၀.၉၆) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ မြေပဲဆန်တင်ပို့မှုမှာ တန်ချိန်အားဖြင့် (၃၈,၃၉၅.၄၆) နှင့် တန်ဖိုး ဒေါ်လာ (၃၆.၈၈)သန်း စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို (ဇယား-၇) တွေ့ရသည်။


၁၅။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၁) မှ (၄-၂-၂၀၂၁) ထိ မတ်ပဲတန်ချိန်(၂၃%) ၊တန်ဖိုး (၁၇%) တိုးတက်တင်ပို့နိုင်ခဲ့ပြီး၊ ပဲတီစိမ်း တန်ချိန် (၄%)နှင့် တန်ဖိုး (၁၀%)၊ ပဲစဉ်းငုံ တန်ချိန် (၃၄%) နှင့် တန်ဖိုး (၃၆%)၊ မြေပဲဆန် တန်ချိန် (၆၄%) နှင့် တန်ဖိုး (၇၂%) စီ အသီးသီး လျော့နည်းခဲ့ကြောင်း (ဇယား-၇၊ ပုံ-၈နှင့် ပုံ-၉) ဖော်ပြပါအချက် အလက်များအရ သိရှိရသည်။

# ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဖေဖော်ဝါရီလ ၄ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၁၅၇၀.၇၃ | ၄၁၈.၈၂ | ၅၆၅.၈၈ | -၁၄၇.၀၆ | -၂၆% |
| | | တန်ချိန် | ၂,၀၂၉,၂၅၁.၈၈ | ၅၂,၃၉၇၂.၉၀ | ၆၆,၇၀၈၂.၃၇ | -၁၄၃,၁၀၉.၄၇ | -၂၁% |
| ၁ | မတ်ပဲ | US$ | ၅၂၆.၇၁ | ၁၈၈.၁၈၃ | ၁၆၀.၅၀၅ | ၂၇.၆၈ | ၁၇% |
| | | တန်ချိန် | ၆၇၇,၅၂၆.၄၂ | ၂၂၉,၅၁၆.၉၈၂ | ၁၈၆,၃၁၈.၃၁၆ | ၄၃,၁၉၈.၆၇ | ၂၃% |
| ၂ | ပဲတီစိမ်း | US$ | ၅၂၅.၄၀ | ၁၁၈.၆၆၈ | ၁၃၂.၀၀၃ | -၁၃.၃၄ | -၁၀% |
| | | တန်ချိန် | ၆၇၃,၁၁၀.၈၈ | ၁၄၇,၁၆၅.၉၁၁ | ၁၅၄,၀၉၇.၃၂၆ | -၆,၉၃၁.၄၂ | -၄% |
| ၃ | ပဲစင်းငုံ | US$ | ၁၄၄.၁ | ၄၀.၉၅၅ | ၆၃.၈၉၆ | -၂၂.၉၄ | -၃၆% |
| | | တန်ချိန် | ၂၁၄,၀၉၁.၆၃ | ၆၁,၉၂၂.၀၁၂ | ၉၃,၃၀၈.၄၆၈ | -၃၁,၃၈၆.၄၆ | -၃၄% |
| ၄ | ကုလားပဲ | US$ | ၁၅.၉၈ | ၁.၁၆၃ | ၃.၁၅၉ | -၂.၀၀ | -၆၃% |
| | | တန်ချိန် | ၂၇,၂၁၂.၇၉ | ၁,၆၆၀.၇၄၅ | ၅,၃၀၁.၆၉၉ | -၃,၆၄၀.၉၅ | -၆၉% |
| ၅ | ပဲလွန်းပြာ | US$ | ၂၈.၃၄ | ၆.၆၀၀ | ၈.၅၆၂ | -၁.၉၆ | -၂၃% |
| | | တန်ချိန် | ၄၉,၉၆၂.၅၅ | ၈,၀၄၁.၇၁၀ | ၁၇,၉၈၈.၄၆၅ | -၉,၉၄၆.၇၆ | -၅၅% |
| ၆ | မြေထောက်ပဲ | US$ | ၃၈.၀၃ | ၆.၅၃၂ | ၁၂.၆၉၇ | -၆.၁၇ | -၄၉% |
| | | တန်ချိန် | ၅၃,၈၆၃.၃၅ | ၈,၁၅၇.၉၁၆ | ၁၇,၈၈၆.၅၀၄ | -၉,၇၂၈.၅၉ | -၅၄% |
| ၇ | ထောပတ်ပဲ | US$ | ၂၅.၆၈ | ၂.၀၀၂ | ၁၂.၂၈၄ | -၁၀.၂၈ | -၈၄% |
| | | တန်ချိန် | ၄၅,၂၂၅.၅၆ | ၃,၁၇၉.၀၇၀ | ၂၀,၉၀၇.၀၅၆ | -၁၇,၇၂၇.၉၉ | -၈၅% |
| ၈ | ပဲယင်း | US$ | ၃၃.၄၂ | ၈.၄၀၂ | ၉.၀၉၈ | -၀.၆၉ | -၈% |
| | | တန်ချိန် | ၆၁,၈၉၃.၀၉ | ၁၂,၈၇၄.၉၆၅ | ၁၈,၀၃၂.၅၁၆ | -၅,၁၅၇.၅၅ | -၂၉% |
| ၉ | ပဲကြီး | US$ | ၁၁.၆၁ | ၀.၄၆၆ | ၉.၃၉၉ | -၈.၉၃ | -၉၅% |
| | | တန်ချိန် | ၁၉,၄၂၂.၂၁ | ၇၃၇.၂၀၈ | ၁၅,၆၅၀.၇၇၀ | -၁၄,၉၁၃.၅၆ | -၉၅% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁.၈၅ | ၀.၈၄၂ | ၇.၇၈၉ | -၆.၉၅ | -၈၉% |
| | | တန်ချိန် | ၁၈,၅၅၆.၁၃ | ၁,၃၄၄.၆၅၉ | ၁၂,၀၃၃.၃၈၀ | -၁၀,၆၈၈.၇၂ | -၈၉% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၄.၂၇ | ၅.၁၃၂ | ၀.၁၈၆ | ၄.၉၅ | ၂၆၅၉% |
| | | တန်ချိန် | ၅,၁၆၉.၅၄ | ၆,၈၄၃.၅၆၃ | ၃၃၅.၇၈၈ | ၆,၅၀၇.၇၈ | ၁၉၃၈% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၃.၆၅ | ၀.၂၄၉ | ၀.၈၂၄ | -၀.၅၈ | -၇၀% |
| | | တန်ချိန် | ၆,၁၇၆.၁၆ | ၃၄၅.၀၀၀ | ၁,၅၄၂.၅၇၅ | -၁,၁၉၇.၅၈ | -၇၈% |
| ၁၃ | ပဲနီကြား | US$ | ၄.၅၂ | ၀.၀၃၈ | ၂.၁၉၈ | -၂.၁၆ | -၉၈% |
| | | တန်ချိန် | ၉,၉၆၆.၅ | ၉၅.၀၀၀ | ၄,၆၇၈.၇၅၀ | -၄,၅၈၃.၇၅ | -၉၈% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၂.၄၂ | | ၁.၃၀၄ | -၁.၃၀ | -၁၀၀% |
| | | တန်ချိန် | ၃,၃၄၅.၈၃ | | ၂,၀၀၅.၀၀၀ | -၂,၀၀၅.၀၀ | -၁၀၀% |
| ၁၅ | မြေပဲဆံ | US$ | ၁၈၈.၁၈ | ၃၆.၈၈၀ | ၁၃၃.၀၈၈ | -၉၆.၂၁ | -၇၂% |
| | | တန်ချိန် | ၁၅၈,၂၄၈.၇၁ | ၃၈,၃၉၅.၄၆၄ | ၁၀၆,၉၃၇.၈၇၇ | -၆၈,၅၄၂.၄၁ | -၆၄% |
| ၁၆ | အခြားပဲ | US$ | ၆.၅၆ | ၂.၇၀၃ | ၈.၈၈၄ | -၆.၁၈ | -၇၀% |
| | | တန်ချိန် | ၅,၄၈၀.၅၃ | ၃,၆၉၂.၆၉၀ | ၁၀,၀၅၇.၈၇၈ | -၆,၃၆၅.၁၉ | -၆၃% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

၁၆။ ဆီထွက်သီးနှံဖြစ်သော မြေပဲဆီနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆီ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၃၈,၃၉၅.၄၆)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၃၆.၈၈)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၁၀၆,၉၃၇.၈၈)၊ တန်ဖိုး ဒေါ်လာ (၁၃၃.၀၉) သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၆၈,၅၄၂.၄၁)နှင့် တန်ဖိုး ဒေါ်လာ (၉၆.၂၁) သန်း လျော့နည်းခဲ့ကြောင်း (ဇယား-၇) တွေ့ရသည်။

**နှမ်း**တင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် (၁၂၇၀၄၂.၉၈)နှင့် တန်ဖိုး ဒေါ်လာ (၁၆၄.၉၉)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၁၈၂,၅၇၃.၄၄)နှင့် တန်ဖိုး ဒေါ်လာ (၂၄၉.၀၅) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၅၅,၅၃၀.၄၆) နှင့် တန်ဖိုး ဒေါ်လာ(၈၄.၀၆)သန်း လျော့နည်းခဲ့ကြောင်း (ဇယား-၆) တွေ့ရသည်။

## ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ

### (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက်

၁၇။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၁ ဘဏ္ဍာနှစ်(ယာယီ)တွင် (၁၄,၆၇၇.၆၆) သန်း

ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၃၃.၄၀) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း(ဇယား-၈)အရ သိရသည်။

### ဇယား (၈) - ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား
### ၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (ဖေဖော်ဝါရီလ ၄ ရက်အထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ယာယီ) | ၂၀၂၁-၂၂ (၁-၁၀-၂၀၂၁) မှ (၄-၂-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၇၁၈.၀၂ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၆၇ | ၉၅၈.၉၄ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၄၀၇၁.၅၇ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၇ | ၂၁၅၇.၈၇ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၂၄၅.၄၇ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၃.၁၂ | ၁၁၈၀.၄၅ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | - | ၈၄၅ |
| စုစုပေါင်း | | ၉၀၃၅.၀၆၃ | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၇၇.၆၆ | ၅၁၄၂.၂၇ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၁၈။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ ဖေဖော်ဝါရီ (၄)ရက်ထိ ဒေါ်လာ (၅၁၄၂.၂၇) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာသန်း (၆၁၂၄.၅၃) ရှိခဲ့သဖြင့် ဒေါ်လာသန်း (၉၈၂.၂၆) (၁၆%) (ဇယား-၉) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။

### ဇယား (၉) - ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၁-၂၀၂၂(Mini Budget) (၄-၂-၂၀၂၂)ထိ | | | ၂၀၂၀-၂၀၂၁ (၄-၂-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၅၆.၇၄ | ၉၀၂.၂ | ၉၅၈.၉၄ | ၄၉၅.၀၀ | ၁၈၂၄.၃၂ | ၂၃၁၉.၃၃ | -၄၃၈.၂၆ | -၉၂၂.၁၃ | -၁၃၆၀.၃၉ | -၅၉% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၂၅.၂၄ | ၂၁၃၂.၆၄ | ၂၁၅၇.၈၇ | ၂၈.၉၅ | ၁၈၅၀.၉၆ | ၁၈၇၉.၉၁ | -၃.၇၂ | ၂၈၁.၆၈ | ၂၇၇.၉၆ | ၁၅% |
| ၃ | လူသုံးကုန်ပစ္စည်း | ၆.၁၃ | ၁၁၇၄.၃၂ | ၁၁၈၀.၄၅ | ၁၃.၄ | ၁၁၉၇.၈၄ | ၁၂၁၁.၂၄ | -၇.၂၈ | -၂၃.၅၁ | -၃၀.၇၉ | -၃% |
| ၄ | CMP | | ၈၄၅.၀၀ | ၈၄၅.၀၀ | | ၇၁၄.၀၅ | ၇၁၄.၀၅ | | ၁၃၀.၉၆ | ၁၃၀.၉၆ | ၁၈% |
| | စုစုပေါင်း | ၈၈.၁၁ | ၅၀၅၄.၁၆ | ၅၁၄၂.၂၇ | ၅၃၇.၃၆ | ၅၅၈၇.၁၇ | ၆၁၂၄.၅၃ | -၄၄၉.၂၅ | -၅၃၃.၀၁ | -၉၈၂.၂၆ | -၁၆% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၉။ ကုန်စည်အုပ်စုလိုက်တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂၁၅၇.၈၇) သန်းဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁၁၈၀.၄၅) သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာသန်း (၂၃၁၉.၃၃) ဖြင့် အများဆုံး၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှု ဒေါ်လာသန်း(၁၈၇၉.၉၁) ဖြင့် ဒုတိယအများဆုံး (ဇယား-၉) တင်သွင်းခဲ့သည်ကို တွေ့ရသည်။

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၀။ အဓိကကုန်သွင်းကုန် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီ တန်ချိန် (၂၁၉,၇၄၀)၊ တန်ဖိုးဒေါ်လာ (၂၈၈.၉၁) သန်း၊ ဓာတ်မြေဩဇာတန်ချိန် (၃၂၂,၈၈၀)၊ တန်ဖိုး ဒေါ်လာ (၁၆၀.၀၅) သန်း၊ ဂျုံစေ့ တန်ချိန် (၁၄၅,၇၉၃)၊ တန်ဖိုး (၅၄.၅၁) သန်းနှင့် ဂျုံမှုန့် တန်ချိန် (၁,၇၉၄)၊ တန်ဖိုး (၀.၈၃) သန်း ပါရှိခဲ့ သည်ကို အောက်ဖော်ပြပါ စာရင်းဇယား (ဇယား -၁၀) များအရ သိရှိရပါသည်။

၂၁။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် စားအုန်းဆီမှာ ယခင်နှစ်ထက် တန်ချိန်(၉၀,၀၁၈) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၂၄.၅၁) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော ဂျုံမှုန့် မှာ တန်ချိန် (၄,၄၅၅)၊ တန်ဖိုး ဒေါ်လာ (၁.၂) သန်း လျော့နည်းခဲ့သည်။ ဂျုံစေ့မှာ တန်ချိန် (၂၃,၃၁၂)၊ တန်ဖိုး ဒေါ်လာ (၂၁.၁၉) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ ဓာတ်မြေဩဇာမှာတန်ချိန် (၁၈၀,၄၅၄)လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၃၆.၉၉) သန်း တိုးမြင့်ခဲ့သည်ကို (ဇယား -၁၀၊ ပုံ-၁၀နှင့် ပုံ-၁၁) တွေ့ရသည်။

**ဇယား (၁၀) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား**


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဖေဖော်ဝါရီလ ၄ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၁,၈၁၉.၂၅၄** | **၁,၆၂၀.၀၅၈** | **၁၉၉.၁၉၆** | **၁၂%** |
| ၁ | ဒီဇယ် | US$ | ၆၀၃.၁၈ | ၄၆၂.၄၇၆ | ၁၄၀.၇၀၄ | ၃၀% |
| | | တန် | ၈၉၁,၁၃၀ | ၁,၁၆၅,၇၁၆ | - ၂၇၄,၅၈၆ | - ၂၄% |
| ၂ | ဓါတ်ဆီ | US$ | ၅၅၂.၁၉၅ | ၂၉၆.၈၇၅ | ၂၅၅.၃၂ | ၈၆% |
| | | တန် | ၆၉၈,၈၁၁ | ၆၆၂,၂၆၂ | ၆၃,၅၄၉ | ၉၅% |
| ၃ | စားအုန်းဆီ | US$ | ၂၈၈.၉၁ | ၂၆၄.၃၉၉ | ၂၄.၅၀၆ | ၉% |
| | | တန် | ၂၁၉,၇၄၀ | ၃၀၉,၇၅၈ | - ၉၀,၀၁၈ | - ၂၉% |

**အမေရိကန်ဒေါ်လာသန်း**


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဖေဖော်ဝါရီလ ၄ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | ၁၂၀.၄၅၅ | ၃၇၉.၉၃၁ | - ၂၅၉.၄၇၆ | - ၆၈% |
| | | **စီး** | ၃,၄၆၁ | ၁,၅၁၂၉ | - ၁၁,၆၆၈. | - ၇၇% |
| | လူစီးယာဉ် | US$ | ၄၄.၉၇ | ၁၂၁.၉၈၃ | - ၇၇.၀၁၃ | - ၆၃% |
| | | စီး | ၂,၁၅၇ | ၇,၇၇၈ | - ၅၆၂၁ | - ၇၂% |
| | ဘတ်စ် | US$ | ၁.၃၈၇ | ၇.၆၉၈ | - ၆.၃၁၁ | - ၈၂% |
| | | စီး | ၉၇ | ၃၈၉ | - ၂၉၂ | - ၇၅% |
| | ထရပ် | US$ | ၄.၇၈၄ | ၃၆.၄၀၂ | - ၃၁.၆၁၈ | - ၈၇% |
| | | စီး | ၃၆၃ | ၃၂၈၇ | - ၂၉၂၄ | - ၈၉% |
| | ယန္တယား | US$ | ၅၂.၅၇ | ၁၆၂.၈၃၄ | - ၁၁၀.၂၆၄ | - ၆၈% |
| | | စီး | ၈၄၄ | ၃,၆၇၅ | - ၂၈၃၁ | - ၇၇% |
| | ယာဉ်အပိုပစ္စည်း | US$ | ၁၆.၇၄၄ | ၅၁.၀၁၄ | - ၃၄.၂၇ | - ၆၇% |
| ၅ | ဘိလပ်မြေ | US$ | ၁၀.၁၂ | ၂၄.၂၉၂ | - ၁၄.၁၇၂ | - ၅၈% |
| | | တန် | ၁၁၈,၂၈၃ | ၃၁၇,၇၁၀ | - ၁၉၉,၄၂၇ | - ၆၃% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၁၆၀.၀၅၃ | ၁၂၃.၀၅၉ | ၃၆.၉၉၄ | ၃၀% |
| | | တန် | ၃၂၂,၈၈၀ | ၅၀၃,၃၃၃ | - ၁၈၀,၄၅၃ | - ၃၆% |
| ၇ | ဂျုံစေ့ | US$ | ၅၄.၅၀၆ | ၃၃.၃၂၁ | ၂၁.၁၈၅ | ၆၄% |
| | | တန် | ၁၄၅,၇၉၃ | ၁၂၂,၄၈၁ | ၂၃,၃၁၂ | ၁၉% |
| ၈ | ဂျုံမှုန့် | US$ | ၀.၈၂၆ | ၂.၀၂၃ | - ၁.၁၉၇ | - ၅၉% |
| | | တန် | ၁,၇၉၄ | ၆,၂၄၉ | - ၄,၄၅၅ | - ၇၁% |
| ၉ | နို့ဆီ | US$ | ၆.၈၁၁ | ၈.၇၅၂ | - ၁.၉၄၁ | - ၂၂% |
| | | တန် | ၅,၂၆၂ | ၇,၇၂၁ | - ၂,၄၅၉ | - ၃၂% |
| ၁၀ | နို့စိမ်း | US$ | ၈.၀၀၉ | ၁၃.၄၄၆ | - ၅.၄၃၇ | - ၄၀% |
| | | တန် | ၆,၀၃၅ | ၁၁,၀၈၉ | - ၅,၀၅၄ | - ၄၆% |
| ၁၁ | နို့မှုန့် | US$ | ၁၄.၁၉၄ | ၁၁.၄၈၄ | ၂.၇၁ | ၂၄% |
| | | တန် | ၃,၉၂၇ | ၄,၈၁၈ | - ၈၉၁ | - ၁၈% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၁၀)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၁၁)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၂၂။ အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် (၅,၂၆၂)၊ တန်ဖိုးဒေါ်လာ (၆.၈၁) သန်း၊ နို့စိမ်းမှာ တန်ချိန် (၆,၀၃၅)၊ တန်ဖိုးဒေါ်လာ (၈.၀၁) သန်းနှင့် နို့မှုန့်မှာ တန်ချိန် (၃,၉၂၇)၊ တန်ဖိုးဒေါ်လာ (၁၄.၁၉) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။

## နိဂုံး

၂၃။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု(လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံ တင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ**